
# နှင်းလားဟဲ့ ဂျပန် (၄)

● မီအိုက အိအိချော





WWW.FACEBOOK.COM/TIMESTUDY.MYANMARJP

သည်နေ့တော့ အချစ်တစ်ပွဲ စစ်ပွဲတစ်ရာ ဆိုတဲ့ခေါင်းစဉ်လေးလိုပေါ့ ကျွန်မ အချစ်ကို ငြင်းဆန်ခဲ့ပြီး စစ်မြေပြင်ကို ထွက်ခွာခဲ့ရသည့် အကြောင်းလေးများကို ရေးပါမည်။

ကျွန်မ အဆိုပါ စားသောက်ဆိုင်လေးမှာ ပထမဆုံး အလုပ်စဝင်သည့်နေ့မှာ တန်းချောက တရင်းတနှီးနှင့် စကားလာပြောပါသည်။ အဲဒီမှာ ကိုယ်ရေးကိုယ်တာမေးခွန်းတွေလည်းပါသည်။ ဥပမာ - ဘာကြောင့်အိမ်ထောင်မပြုသေးတာလဲ ဆိုတာလိုမျိုး။ တကယ်လို့များ အိမ်ထောင်ပြုဖြစ်


မယ်ဆိုရင် ဂျပန်လူမျိုးကိုယူမှာလား မြန်မာလူမျိုးကိုပဲယူမှာလားဆိုတာလိုမျိုး။ ကျွန်မက မေးခွန်းအားလုံးကို တတ်နိုင်သမျှ ထိပ်တိုက်မတိုးအောင်ရှောင်ပြီးဖြေခဲ့ပါသည်။ ဘာကြောင့်လည်းဆိုတော့ သူ့မျက်ဝန်းတွေကို သိပ်မကြိုက်လို့ပါ။ သူ ယောကျ်ားပီသပြီး တည်ကြည်ခန့်ငြားသော ရုပ်ရည်သွင်ပြင်ရှိပါသည်။Smartကျသည်ဟုဆိုလျှင် ပိုမှန်ပါလိမ့်မည်။ ထို့ကြောင့် သူ့ကိုယ်သူလည်း အထင်ကြီးကောင်းကြီးပါလိမ့်မည်။ သို့သော် အဲဒီထဲမှာတော့ ကျွန်မလုံးဝမပါဝင်သည့် အကြောင်းကိုတော့ သူအဲဒီအချိန်တုန်းက ထင်ခဲ့မိလိမ့်မည်မဟုတ်ပါ။ ထို့ကြောင့်ပင် .........

ပထမဆုံးရောက်သည့် နေ့လည်ခင်းစာကို သူကိုယ်တိုင် ကျွန်မတို့သုံးယောက်ကို ချက်ကျွေးပါသည်။ ညအလုပ်ပြန်တော့လည်း စကားတွေ တပြောပြောနှင့် အတူတူလမ်းလျှောက်ပြန်ခဲ့ကြပါသည်။ ဘူတာရုံရောက်တော့လမ်းခွဲ။ သူလည်း



သူ့လမ်းသူသွား။ ကိုယ်လည်းကိုယ့်လမ်း ကိုယ်သွား။ အလုပ်ဝင်ပြီးဆိုလျှင် သူက အစောဆုံးရောက်၊ ပြီးလျှင် ကျွန်မရောက်။ ညဆိုလျှင်လည်း တစ်ပတ်မှာ နှစ်ကြိမ်လောက်ကို ဆိုင်တံခါးပိတ်ချိန်ဆိုလျှင် အားလုံးပြန်သွားကြပြီး သူနှင့်ကျွန်မ နှစ်ယောက်တည်းသာ နောက်ဆုံး ကျန်နေတတ်သည်။

သူနှင့်ကျွန်မ အလုပ်ကိစ္စကို Line နှင့်ပဲ ဆက်သွယ်ပါသည်။ Line ဆိုတာ မြန်မာမှာဆိုလျှင် Viber လိုမျိုး Free သုံးလို့ရပါသည်။




သည်မှာက Viber သိပ်မသုံးကြပါ။ တစ်နေ့သူက ကျွန်မဆီကို Shift ကို Line နှင့် ပို့လိုက်သည်။ Shift ကိုဂျပန်လို シフト (Shifuto) ဟု ခေါ်ပါသည်။ အလုပ် Schedule ဖြစ်ပါသည်။ ဘယ်သူက ဘယ်နေ့ဘယ်နှစ်နာရီအထိဆိုသည့် အလုပ်တာဝန်တွေကို ဇယားဆွဲထားတာပဲ ဖြစ်ပါသည်။ အဲဒီမှာ တနင်္ဂနွေနေ့တိုင်း သူနှင့်ကျွန်မ နောက်ဆုံးဂျူတီအဖြစ် နှစ်ခါလောက် ထည့်ဆွဲခဲ့ဖူးသော်လည်း ဒီအပတ်တနင်္ဂနွေမှာတော့ ကျွန်မမပါပါ။ ဩော် ကောင်းလိုက်လေခြင်းပေါ့။ အေးဆေးနားရပြီး သူနှင့် နှစ်ယောက်ထဲချည်း ကျန်နေရသည့်အဖြစ်မျိုးမှ ဒီတစ်ပတ်တော့ လွတ်ပြီပေါ့ ဆိုပြီး ပျော်နေတုန်း ဖြွန်းဆို Message ထပ်ရောက်လာသည်။

အိစံ ဒီအပတ်တနင်္ဂနွေ အလုပ်လာနိုင်မလားဆိုတော့ စိတ်အတော်ညစ်သွားသည်။ ထွေထွေထူးထူး လုပ်စရာလည်းမရှိ အအားကလည်း မနေချင်ဆိုတော့ အိုကေရတယ်လာခဲ့မယ်ပေါ့။ သည်လိုနှင့် နောက်တစ်နေ့မနက်မှာ Shift ကို အသစ်တဖန်ဆွဲ၍ ထပ်ပို့လိုက်ပြန်ပါသည်။


သေသေချာချာကြည့်လိုက်တော့ အဲဒီညမှာ ဝန်ထမ်းတွေက အများကြီး တကယ်ဆို ကိုယ့်ကို ခေါ်ဖို့တောင်မှ မလိုအပ်သည့် အနေအထား။ အချိန်တွေကို ကြည့်လိုက်တော့ အားလုံးက ၁၀ နာရီခွဲအထိ။ ကျွန်မတစ်ယောက်ထဲသာ ၁၁ နာရီအထိ။ ကျွန်မစိတ်တွေလေးလာသည်။ သူ့မျက်လုံးတွေထဲမှာ အရိပ်တစ်ခုခု ရှိနေတာကို ကျွန်မသိသည်။ တစ်ကိုယ်တည်း နေလာတာကြာလာတော့ ကိုယ့်အန္တရာယ်ကို ကိုယ်ရှောင်ဖို့ရာ ဆန့်ကျင်ဘက်တွေရဲ့ မျက်ဝန်းအကြည့်တွေကို အလိုလို ခံစားပြီးသိသည်။ အဓိပ္ပာယ်ခွဲတတ်သည်။ သည်တော့ ကျွန်မတစ်ခုခုလုပ်မှရတော့မည်။ မနက်ဖြန်အလုပ်မဝင်ရသေးတော့ ကျွန်မမှာ

တစ်ရက်ကြီးများတောင် အချိန်ရသေးသည်။ သဘာက်ခါနေ့လည်မှ အလုပ်ဝင်ရမှာဆိုတော့ လျှပ်ရှားဖို့ အချိန်ရသေးသည်။ ကျွန်မအနီးဆုံး ဘူတာမှာ Free ယူလို့ရသည့် Townwork ကို ပြေးယူသည်။ Townwork ဆိုတာ ဂျပန်မှာ မြို့နယ်အလိုက် အလုပ်ခေါ်စာတွေကို စုစည်းပြီး ပုံနှိပ်ထားသည့် ကျွန်မတို့ဆီမှာဆိုလျှင် အခွင့်အလမ်းဂျာနယ်လိုမျိုး။ သူကမတူတာက စာအုပ်ပုံစံဖြစ်ပြီး ဘူတာဝိုင်းမှာ စင်လေးတွေနှင့်ထားထားပေးသည်။ ဘယ်သူမဆို ယူလို့ရသည်။ အပတ်စဉ် တနင်္လာနေ့တိုင်း အသစ်ထွက်သည်။ အဲဒီထဲမှာ လှန်လှောရှာလိုက်တော့ Seven Eleven စတိုးဆိုင်လေးမှာ အလုပ်ခေါ်ထားသည်။ တိုကျို မီဇုအဲကိုယ်နေတဲ့မြို့ လိပ်စာလေးကို မြင်လိုက်ရတော့ အားတက်သွားသည်။ ကိုယ်နေတာက သုံးရပ်ကွက်။ အလုပ်ခေါ်ထားတာက ငါးရပ်ကွက်။ သည်လိုဆိုလျှင် သေချာသည်။ စက်ဘီးနှင့်သွားလို့ဖြစ်သည်။ မြေပုံမှာရှာကြည့်လိုက်တော့ ရထားနှင့်ဆိုလျှင် တစ်ဘူတာစီးပြီး သွားတာနှင့်ရောက်ပြီ။ အိုကေ ကျွန်မစဉ်းစားသည်။ ဖြစ်နိုင်လျှင် အလုပ်တစ်ခုကို ဒီနေ့တစ်နေ့အတွင်းမှာ သေချာပေါက်ရမှဖြစ်မည်။ တခြားသင့်တော်မည့် ကိုယ်လည်းလုပ်နိုင်မည့်အလုပ်တွေကို ဆက်ရှာကြည့်လိုက်တော့ ကိုယ်နေသည့် အနီးအနားတဝိုက်မှာ နောက်ထပ် သုံးခုလောက်တွေ့သည်။ သည်တော့ ပထမဆုံးတွေ့ခဲ့သည့် Seven Eleven ကို ပထမဦးစားပေးအနေနှင့် စဉ်းစားသည်။ ဖုန်းမဆက်မီ စဉ်းစားသည်။ ဖြစ်နိုင်မည်ဆိုလျှင် အမြန်ဆုံး အဖြေတစ်ခုခုသိရဖို့ အရေးကြီးသည်။ အင်တာဗျူးက နောက်နေ့တွေ ဘာတွေချိန်းနေလျှင်လည်း မဖြစ်သေး။ သည်တော့ ဦးနောက်ကိုသုံးပြီး ပစ်မှတ်ကို တည့်တည့်ထိမှန်အောင်ပစ်နိုင်မှ တော်ကာကျမည်။ လောလောဆယ် ဂျပန်ရောက်ပြီး မဖြစ်မနေသုံးရတာတွေအများကြီးနှင့်လစာရဖို့ရက်ကလည်းလိုသေး





CamScanner



သည်ဆိုတော့ လက်ထဲမှာပိုက်ဆံဆောင်မထားလို့မဖြစ်။ ဒီမှာက အလုပ်လုပ်ပြီး တစ်လပြည့်လျှင် လကုန်လို့ တစ်လအပြည့်ပေးသည့် စနစ်မျိုးမဟုတ်။ ဥပမာ - ပြီးခဲ့သည့်လ (၁၅) ရက်နေ့မှ သည်လ (၁၅) ရက်နေ့အထိကို တစ်လစာအဖြစ်တွက်ချက်ပြီးလစာကို ၂၅ရက်နေ့မှပေးတာလိုမျိုး။ သည်လိုဆိုတော့ (၁၅) ရက်နေ့နောက်ပိုင်းမှ အလုပ်ဝင်ပါကနောက်လ (၂၅) ရက်နေ့မှ လစာရမည်ဆိုတော့ အဲဒီကြားကာလမှာသုံးစွဲဖို့ ရက် (၄၀) စာခန့်ကမရှိလို့မရ။ ဒီမှာက ရထားခဈေးကြီးသည်။ တကယ်လို့များအလုပ်ရလိုက်ရင်တောင်မှ ရထားနှင့်သွားရမည့် ခရီးမျိုးဆိုလျှင် ခရီးစရိတ် (ဂျပန်မှာက အလုပ်လုပ်လျှင် လစာအပြင် ခရီးစရိတ်ပါတွက်ပြီးပေးသည်။) က လကုန်မှရမည်ဆိုတော့ လောလောဆယ်မှာ တစ်လစာလောက်ကြီး ကိုယ်ကစိုက်သုံးထားရဦးမည်။ သည်တော့ စက်ဘီးနှင့်သွားနိုင်လောက်သည့် အနေအထားမျိုးကို ဦးစားပေးပြီး ရှာရခြင်းဖြစ်ပါသည်။ နောက်တစ်ခုက ဘယ်အလုပ်ရှင်မဆို ရထားခပေးစရာမလိုသည့် ဝန်ထမ်းမျိုးကို လိုချင်မည်မှာ မြေကြီးလက်ခတ်မလွဲ။ သည်တော့ ဘယ်လိုရအောင်ညှိယူရမလဲ။ ဖုန်းခေါ်ကြည့်လိုက်သည်။ ကိုယ့်ကိုကိုယ် မိတ်ဆက်အပြီးမှာ အလုပ်ခေါ်ထားတာတွေ့လို့စိတ်ဝင်စားလို့ပါ။ ကျွန်မကမြို့နယ်လည်းအတူတူ ၃ ရပ်ကွက်မှာနေပါတယ်။ အခုအလုပ်က ၅ ရပ်ကွက်မှာရှိနေတော့ စက်ဘီးနှင့်သွားရလာရတာ အဆင်ပြေမယ်ထင်လို့ အလုပ်လျှောက်ချင်ပါတယ် ဆိုတော့တာဘက်မှမဆိုင်းမတွ အိုကေအင်တာဗျူးချင်သည်။ သူပြောသည့်ရက်ကို ကိုယ်က ငြင်းလိုက်သည်။ ငြင်းသာငြင်းလိုက်ရသည် ရင်တထိတ်ထိတ်နှင့်။ အဲသည်ရက်တွေဆိုလျှင် လာလို့ မရလို့ပါ။ သည်နေ့တော့ အချိန်ရနေပါသည်။ ဆိုတော့ ည ၉ နာရီကနေ ၁၀ နာရီအတွင်း သူဌေးကသူဆိုင်မှာရှိမည်။ လာလို့ရရင်လာခဲ့ပါ။ အိုကေလိုချင်သည့်အဖြေကဒါပါပဲ။ သည်လိုနှင့်



CS CamScanner

အင်တာဗျူးဝင်တော့ သူမေးသည့် မေးခွန်းအမြောက်အမြားကို ကျွန်မသေချာစဉ်းစားပြီးဖြေသည်။ အဓိက က သူလိုချင်တာသူပြောတာဘယ်လောက်နားလည်သလဲဆိုတာနှင့် ကျွန်မမှာ Customer များနှင့် ဆက်သွယ်ပြောဆိုနိုင်သည့် ဂျပန်စာအရည်အချင်း ရှိ မရှိ ဆိုတာကို စကားပြောနေရင်းနှင့် စစ်ဆေးနေခြင်းပဲ ဖြစ်ပါသည်။ နောက်ဆုံးတော့ ရပြီမင်းဘယ်တော့အလုပ်စဝင်နိုင်မလဲ။ နောက်တစ်ပတ်။ အိုကေ။ ကိုယ့်ဘက်က ပြင်ဆင်စရာရှိတာတွေအားလုံးပြီးပြီဆိုတော့ အစီအစဉ်အတိုင်းမနက်ဖြန်ခါမှာဆက်ပြီးလှုပ်ရှားရုံသာ ကျန်တော့သည်။

ဆိုင်တံခါးကို တွန်းဖွင့်ဝင်လိုက်တော့ တန်းချောကို ကောင်တာမှာရပ်နေတာ တွေ့လိုက်ရသည်။ ရိုသေသမှုနှင့် နှုတ်ဆက်စကားဆိုအပြီးမှာ ကျွန်မအေးအေးဆေးဆေးပဲ ရယ်ကာမောကာနှင့် ပြောလိုက်ပါသည်။

ငါ့ရဲ့နွေရာသီကျောင်းပိတ်ရက်လည်း မကြာခင်ပြီးတော့မယ်ဆိုတော့ ကျောင်းပြန်တက်ရရင် သည်ဆိုင်မှာ အလုပ်ဆက်လုပ်ဖို့ အဆင်ပြေနိုင်သေးရဲ့လား။

ငါမင်းကို အလုပ်ထဲမှာ စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်မိတာတွေလည်းသိပ်များနေပြီ အမှားတွေလုပ်တာတွေလည်း အများကြီးပဲ မင်းငါ့ကို အလုပ်ဆက်ခန့်ဖြစ်ပါဦးတော့မလား သူရုတ်တရက် အရမ်းအံ့ဩသွားပုံနှင့် ကျွန်မကို ငေးကြည့်နေသည်။ ကျွန်မဆီက ဒီစကားမျိုး ပြောလာလိမ့်မည်ဟု သူလုံးဝထင်မှတ်ထားမည့်ပုံမပေါ်။

ငါမင်းကို အလုပ်ဆက်ခန့်မှာပါ ဘာကြောင့်မင်းကို အလုပ်ကဖြုတ်ပစ်ရမှာလည်းဟု သူပြောသည်။ ကျွန်မကြိုတင်တွက်ဆထားခဲ့သည့် အခြေအနေမျိုးပါပဲ။ ပွဲကတော့စပြီဖြစ်ပါသည်။ ကျွန်မက သည်လိုဆိုရင်တော့ ငါမင်းကို ကျေးဇူးတင်ပါတယ်။ ပြောပြီးတာနှင့် ကျွန်မသူ့မျက်နှာကို တစ်ချက်ကလေးမှမကြည့်ပဲ လှည့်ထွက်လာခဲ့ပါတော့သည်။

အဲဒီအချိန်မှာ စူးစမ်းတဲ့ မျက်ဝန်းတစ်စုံနှင့် ရပ်ကြည့်နေသူ တစ်ယောက်ကို တွေ့လိုက်ရသည်။ အောင်ပါလား။ ပြောခဲ့ဖူးတဲ့ စကားတစ်ခွန်းအတွက် ကျွန်မကတိတည်ပါတယ်အောင်။ အခုတော့ အဲဒီအခက်အခဲကို ကျော်လွှားနိုင်ခဲ့ပါပြီ။

သည်အတွက် Hope for the best, Prepare for the west .

အဆိုးဆုံး အခြေအနေတစ်ခုကို ရင်ဆိုင်ဖို့ ကျွန်မအချိန်ယူစဉ်းစားပြီး အကောင်းဆုံးပြင်ဆင်ခဲ့ခြင်းပဲ ဖြစ်ပါသည်။ တကယ်ဆိုလျှင် ဒါဟာ မျက်စိမှိတ်စွန့်စားမှုတစ်ခုပဲဖြစ်ပါသည်။မျက်လှည့်တစ်ခုမှာ မျက်လုံးကို ပုဝါနှင့်စီးပြီး ချိန်သားကိုက်ပစ်လွှတ်လိုက်သည့် ဓားအစင်းစင်းလိုထက်မြက်သည့် ဓားသွားများအောက်မှာမှ အောင့်ကိုပြောခဲ့သည့် ကျွန်မ ကတိစကားတစ်ခွန်းကို စက်ဝိုင်းဗဟိုချက်မှာ တည်ထားခဲ့ခြင်းပဲ ဖြစ်ပါသည်။ သည်လိုမှ မလုပ်ရင်တော့ အောင့်ကိုပြောခဲ့သည့် လွယ်လွယ်နှင့် အရှုံးပေးပြီး ထွက်သွားမှာမဟုတ်ဘူးဟု ဆိုခဲ့သည့်တိုင် တန်းချောနှင့်ကျွန်မ အခုလိုအခြေအနေမျိုးနှင့် ရှေ့ဆက်လျှင် လူမှုရေးရှုပ်ထွေးမှုတွေဖြစ်လာနိုင်ပါသည်။ သည်လိုအခြေအနေမျိုးနှင့် သည်အလုပ်ကို ကျွန်မရှေ့ဆက်မလုပ်လိုပါ။ ဒါကိုရှောင်လွှဲဖို့ရန်အတွက် ကျွန်မဘက်က ထုတ်ဖော်မပြောပဲနှင့် ပြတ်ပြတ်သားသားတုန့်ပြန်နိုင်ဖို့ လိုသည်။ သည့်အတွက်ကျွန်မဘက်က ရဲရဲဝံ့ဝံ့ တုန့်ပြန်နိုင်ဖို့ ကိုယ့်ဘက်က သေချာမှုတစ်ခုနှင့် စိတ်ဓာတ်အင်အားလိုသည်။ သည်အလုပ်ကနေ ကျွန်မ အချိန်မရွေး ထွက်သွားနိုင်လောက်သည့် သံယောဇဉ်ဖွဲ့နှောင်မှုကင်းသည့် ပြတ်သားမှုမျိုးရှိသည်ဆိုတာကို သက်သေပြနိုင်ဖို့အတွက် အလုပ်သစ်တစ်ခုကို ကျွန်မရှာခဲ့ခြင်းဖြစ်ပါသည်။ အဘယ်

ကြောင့်ဆိုသော် လူဆိုသည့်သဘောမှာ အလုပ်သစ်ကလည်း ရှာမရသေးသည့် အနေအထားမျိုးနှင့် လက်ရှိအလုပ်ကို စွန့်ခွာဖို့စကားကိုပြောရသည်မှာ ဘယ်လောက်ပဲ ဟန်ဆောင်တင်းထားသည်ဖြစ်စေ အင်အားတစ်ခုနှင့် အသက်ဝင်နေမှာ မဟုတ်သောကြောင့်လည်းဖြစ်ပါသည်။ သူတို့ဂျပန်လူမျိုးများက လူကဲခတ် အလွန်တော်ကြသောကြောင့် ကျွန်မမည်မျှပင် ဟန်ဆောင်ကောင်းနေပါစေ သေချာပေါက် ရိပ်မိမှာဖြစ်ပါသည်။ သေချာတာက ကျွန်မလည်းသည်လောက်အထိ ဟန်ဆောင်ကောင်းသည့် သူတစ်ယောက်မဟုတ်၍လည်း ဖြစ်ပါသည်။ သည်တော့တကယ့်အခြေအနေအစစ်တစ်ခုကို ရအောင်ဖန်တီး၍ ကျွန်မဘက်ကသဘောထားကိုသူသဘောပေါက်နားလည်သွားအောင် သိမ်မွေ့သော နည်းနှင့် ထုတ်ဖော်ပြသလိုက်ခြင်းပဲ ဖြစ်ပါသည်။ ထိုအချိန်မှစ၍ သူကျွန်မပေါ်မှာထားသည့် သဘောထားပြောင်းသွားပုံရပါသည်။ မျက်ဝန်းအကြည့်ကအစအပြောင်းလဲကြီးပြောင်းသွားပါသည်။အရင်လိုမျိုးစကားမရှိ စကားရှာပြီးတော့လည်း လာမပြောတော့ပါ။

သည်တော့ အောင့်ကိုပြောခဲ့သည့် ကတိစကားအတိုင်း ကျွန်မအလုပ်ထဲမှာ စိတ်အနှောင့်အယှက်ကင်းကင်းနှင့် ကြိုးကြိုးစားစား သင်ယူလေ့လာသွားနိုင်ပြီဖြစ်ပါသည်။

တကယ်လို့များ ကျွန်မကြိုတင်တွက်ဆထားသည့်အတိုင်း ဖြစ်မလာပဲ တစ်ခုခုလွဲချော်သွားခဲ့မည်ဆိုပါက သေချာပေါက် အလုပ်မှ ကျွန်မထွက်သွားမည်ဖြစ်ပါသည်။ သို့သော် ပူစရာမရှိ နောက်အလုပ်သစ်တစ်ခုနှင့်အတူ ကျွန်မဘဝကို အသစ်တဖန် ချက်ချင်းပြန်စနိုင်သည် မဟုတ်ပါလား။ သို့သော် အောင်ကတော့ ထင်ပါလိမ့်မည် ကျွန်မအရှုံးပေးပြီး ထွက်ခွာသွားသည်ဟု။ သည်လိုအနေအထားမျိုးနှင့်လည်း ဂျပန်လူမျိုး တစ်ယောက်၏အမြင်မှာ ကျွန်မကို ဖျော့ညံ့သည့်လူတစ်ယောက်အဖြစ် မှတ်ကျောက်အတင်မခံလိုပါ။ ထို့ကြောင့် အခုလိုအနေအထားမျိုးဖြစ်လာအောင် ကျွန်မကိုယ့်ကိုကိုယ် ယုံကြည်မှုမျိုးကို တည်ဆောက်ထားခဲ့ပြီးသည့်အတွက် သည်အခြေအနေတစ်ခုကို အောင်အောင်မြင်မြင်နှင့် ရဲရဲရင်ဆိုင်နိုင်ခဲ့သည်ဟု ထင်ပါသည်။ သေချာတာကတော့ တန်းချောအငိုက်မိသွားခြင်းသာ ဖြစ်ပါသည်။

နောက်တစ်ခုကတော့ ကျွန်မအတွက် ခြေတစ်လှမ်းကို ကြိုတင်ပြင်ဆင်ထားလိုက်ခြင်းလည်းဖြစ်ပါသည်။ မတူညီသည့်အလုပ်ခွင် အခြေအနေတစ်ခုနှင့် အတွေ့အကြုံအသစ်တစ်ခုကိုပါ ထပ်မံလေ့လာသင်ယူခြင်းအားဖြင့် လက်ရှိအလုပ်ခွင်ထဲမှ ဖိစီးမှုများ၏ ထွက်ပေါက်တစ်ခုကို ရှာဖွေဖို့ရန် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်သည်ဟုလည်းထင်မြင်ယူဆမိပါသည်။

နောက်တစ်ခုကတော့ ကျွန်မ အချစ်တစ်ပွဲထက် စစ်ပွဲတစ်ရာကိုသာ တိုက်လိုပါသည်။ တိုက်ရပြီဟေ့ဆိုလျှင်လည်း အနှောင်အဖွဲ့ ကင်းကင်းနှင့် သေရဲတိုက်ရဲသည့် စစ်သူရဲကောင်းတစ်ယောက်လိုမျိုး စစ်မြေပြင်မှာသာ ပျော်မွေ့သူဖြစ်ချင်ပါသည်။

အဘယ်ကြောင့်ဆိုသော် ရှေ့မှာကျွန်မအတွက် တိုက်ပွဲများစွာက ဆီးကြိုနေကြသောကြောင့်လည်း ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်မနှလုံးသားနှင့်စိတ်ကိုအကောင်းဆုံးတည်ဆောက်ပြီး အထိရောက်ဆုံးလက်နက်များ တပ်ဆင်၍ တိုက်ပွဲတိုင်းကို အနိုင်ရအောင်တိုက်နိုင်ရန် ကျွန်မတစ်ခုခုကို ပြတ်ပြတ်သားသား ရွေးချယ်ပြီး ကျောခိုင်းလိုက်ရုံမှတပါး...................

(ထိုရွေးချယ်မှု၏ အကျိုးဆက်များကြောင့် ကျွန်မ ဘာတွေ ကြုံတွေ့ခံစားခဲ့ရသလဲဆိုတာကိုတော့ အပိုင်း (၅) တွင် ဆက်လက်ရှုစားပေးကြပါရန်......)



CamScanner